ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

ဓနုဖြူမြို့နယ်

ငါးဘတ်အိုင်ကျေးရွာအုပ်စု၊ ငါးဘတ်အိုင်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)


စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊

ငါးဘတ်အိုင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဓနုဖြူမြို့နယ်၏

အကူအညီဖြင့်ရေးဆွဲပါသည်။)



ဩဂုတ်လ၊ ၂၀၂၄

# မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ

စကားချီး ၁-၂

ငါးဘတ်အိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဓနုဖြူမြို့နယ် ၃

ငါးဘတ်အိုင်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဓနုဖြူမြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇-၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀-၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃-၁၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၅

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၅

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၁-၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၅
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၇
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဝမ်းစာဖူလုံမှု
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားရခြင်း၏ အဓိကအကြောင်းရင်းများ
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၅**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၈၅**
**ကိုးကားစာရင်း**

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များပါဝင်ပါသည်။
ဇူလိုင်လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ငါးဘတ်အိုင်ကျေးရွာ
ခနုဖြူမြို့နယ်

၃

## ငါးဘတ်အိုင်ကျေးရွာအုပ်စု၊ ငါးဘတ်အိုင်ကျေးရွာ လူမှုရေးအရင်းအမြစ်ပြမြေပုံ



## ငါးဘတ်အိုင်ကျေးရွာအုပ်စု၊ ငါးဘတ်အိုင်ကျေးရွာရာသီခွင်ပြပြက္ခဒိန်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်း ဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါ သည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူ ရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု ၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ငါးဘတ်အိုင်ကျေးရွာသည် ခနေဖြူမြို့၏အနောက်မြောက်အရပ်တွင် တည်ရှိပါသည်။ ငါးဘတ်အိုင်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြေပြန့်ဒေသဖြစ်ပြီး အဓိက

အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး နှင့်  မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တစ်နှစ်ပတ်လုံးတွင် (၅)လခန့် မိုးရွာသွန်းပါသည်။ ကျေးရွာသည် ဓနုဖြူမြို့နှင့် (၇)မိုင် ကျော်ကွာဝေးပြီး ကျေးရွာ သည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုး ရေချိန် လက်မ မှာ(၄၀)အထက် ရှိပြီး လယ်မြေသည် စပါး၊ ပဲ တို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ငါးဘတ်အိုင်ကျေးရွာသည် ကျောက်နှင့်သဲ တွင်းထွက်သယံဇာတများ၊ သဘာဝအပင် မျိုးစိတ်များရရှိနိုင်မှုမရှိပါ။ ကျေးရွာရှိ ရွာဦးဘုန်းကြီးကျောင်းတွင် အရိပ်ရအပင်များစွာ စိုက်ပျိုးထားရှိသည်ကို တွေ့ရှိနိုင်ပါသည်။ ကျေးရွာပိုင် စားကျက်မြေ အနည်းငယ်သာရှိပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ငါးဘတ်အိုင်ကျေးရွာတွင် အိမ်ခြေ(၂၆၆)အိမ်၊ အိမ်ထောင်စု (၂၇၇)နှင့် လူဦးရေ (၁၀၁၇)ဦး၊ ကလေးငယ်အရွယ်(၄.၆)%၊ ကျောင်းနေအရွယ်(၁၈.၄)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၇)%၊ သက်ကြီးရွယ်အို(၁၀)%ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစုနေထိုင်ကြပါသည်။ကျေးရွာတွင် အမျိုးသား (၄၆၀)ဦး၊ အမျိုးသမီး(၅၅၇)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါကလူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုစေနိုင်ပါမည်။

**(ခ)  စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ငါးဘတ်အိုင်ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်းဖြင့်  အဓိကအသက်မွေးဝမ်း ကျောင်းပြုကြသူများလည်းရှိပါသည်။ လယ်နှင့်ခြံလုပ်ငန်း အဓိကလုပ်ကိုင်သူ(၄၀)%၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ (၃၀)%၊ ကျေးရွာတွင် ရာသီအလိုက် နေ့စား(ကျပန်း) အလုပ်လုပ်ကိုင်သူ (၃၀) % ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

ငါးဘတ်အိုင်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ(၂၆၄.၉၆)ကေ နှင့် စားကျက်မြေ၊ (၁၀.၅) ဧက ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု (၉) အိမ် (၃) %၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၁၆)အိမ် (၆%)၊ မပြေလည်သော အိမ်ထောင်စု (၇၄) အိမ် (၂၇%)၊ အလွန်မပြေလည်သော အိမ်ထောင်စု(၁၇၈)အိမ် (၆၄)% ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၂၇၇)အနက် မြေယာမဲ့ (၇၀)%ရှိကြောင်း၊ ဆင်းရဲသားတောင်သူ(၂.၅)%ရှိကြောင်း၊ တောင်သူငယ် အိမ်ထောင်စု(၁၁)%ရှိကြောင်း၊ စိုက်ပျိုး မြေယာ ကေ(၅) ကေနှင့် (၁၂.၅)ကေ ကြား ပိုင်ဆိုင်သူ တောင်သူလတ်အိမ်ထောင်စု (၁၀) % ရှိ ကြောင်း၊ စိုက်ပျိုး မြေယာ ကေ (၁၂.၅) ဧက အထက် ပိုင်ဆိုင် သူ တောင်သူကြီးအိမ်ထောင်စု (၆.၅)%ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာသည် လယ်အားအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် စိုက်ပျိုး ရေး သုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၅၅)စီး၊ ခြွေလှေ့စက် (၂)စီးနှင့် ရေစုပ်စက် (၈၉)စီး၊ မြက်ရိတ်စက်(၂)စီး ရှိကြောင်း၊ ကျေးရွာမှစုပေါင်း၍ အသုံးပြုရန် အတွက် ရွာပိုင်/အဖွဲ့ပိုင် စက်ကိရိယာများ မရှိကြောင်း၊ အခြားဝင်ငွေရလုပ်သားများမှာ ရာသီ အလိုက် အလုပ်ရှားပါးမှုရှိသဖြင့် ဝင်ငွေ/ထွက်ငွေ မမျှတ၍ စီးပွားရေးအခက်အခဲ နှစ်စဉ်ကြုံ တွေ့နေရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ငါးဘတ်အိုင်ကျေးရွာရှိအိမ်ထောင်စုပေါင်း(၂၇၇)အနက် (၃)လနှင့်(၆)လကြားဝမ်းစာ ဖူလုံမှုသာရှိ၍ လုပ်အားခကြိုယူရသောအိမ်ထောင်စုမှာ (၁၀၀)အိမ်ရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ(၃၁)အိမ်ရှိကြောင်း၊ အထောက်အပံ့ယူ၍သော်လည်းကောင်း၊ လုပ်အားခကြိုယူ၍ စားသောက်ရကြောင်း၊ကျန်ရှိသောအိမ်ထောင်စုများမှာ လုပ်အားခယူ၍သော်လည်းကောင်း စားဝတ်နေရေး ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ် အထက်(၉)ဦးရှိကြောင်း၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု မရှိကြောင်း၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်သော ဆင်းရဲသည့်အိမ်ထောင်စု မရှိကြောင်း ၊ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

ငါးဘတ်အိုင်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်သောအခြေအနေအတွင် အဆင်ပြေ သော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက် သက် ရောက်မှုမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)လနှင့်(၆)လအောက် စားနပ် ရိက္ခာမဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်းတွေ့ရှိရပါသည်။ ငါးဘတ်အိုင်ကျေးရွာသည် သဘာဝအရင်းအမြစ် (မြေ၊ စိုက်ပျိုးရေးရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ် တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ ၊တိရစ္ဆာန် ကူး စက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု စသည့်ထိခိုက်မှုမျိုးမရှိကြောင်း တွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ငါးဘတ်အိုင်ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှု နည်းကြောင်း၊ ရာသီတုအလိုက် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ နှာစေး ချောင်းဆိုးရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုမရှိပါ။

ငါးဘတ်အိုင်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာပိုင်(ကိုယ်ထူကိုယ်ထ) ဖြင့် တည်ဆောက်ထားသော ကျေးလက်ကျန်းမာရေးဌာနခွဲရှိကြောင်း၊ ကျေးရွာနှင့်(၁)မိုင် အကွာတွင် ကျောင်းစုတိုက်နယ်ဆေးရုံတည်ရှိပြီး ကျေးရွာတွင် ဖွဲ့စည်းထားသော မာဂလုလင် နာရေးကူညီမှုအသင်း နှင့် စေတနာမွန် လူမှုရေးအသင်းအဖွဲ့များလည်း ရှိသဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ အခက်အခဲမရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ငါးဘတ်အိုင်ကျေးရွာတွင် စာမတတ်သူ ကျား(၁၀)ဦး၊မ(၃၀) စုစုပေါင်း(၄၀)ဦး၊ မူလတန်း အဆင့်ရှိသူဦးရေ ကျား(၁၆၅)ဦး၊ မ(၂၄၈)ဦး၊ စုစုပေါင်း (၄၁၃)ဦး၊ အလယ် တန်းအဆင့်ရှိသူဦးရေ ကျား(၁၄၀)ဦး၊ မ(၇၈)ဦး၊ စုစုပေါင်း(၂၁၈)ဦး၊ အထက်တန်း အဆင့်ရှိသူဦးရေ ကျား(၁၁၃)ဦး၊ မ(၆၆)ဦး၊ စုစုပေါင်း(၁၇၉)ဦး၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေ ကျား(၄၂)ဦး ၊မ(၉၁)ဦး၊ စုစုပေါင်း(၁၃၃)ဦး လေ့လာတွေ့ရှိရပါ သည်။

ငါးဘတ်အိုင်ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၅၅)ဦး၊ မ(၅၁) ဦး၊ စုစုပေါင်း(၁၀၆)ဦး၊ အလယ်တန်းအဆင့် ကျား(၂၅)ဦး၊ မ(၁၇)ဦး၊ စုစုပေါင်း (၄၂)ဦး၊ အထက်တန်းအဆင့် ကျား(၃၁)ဦး၊ မ(၂၁)ဦး၊ စုစုပေါင်း (၅၂)ဦး၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၁၈)ဦး၊ မ(၂၉)ဦး၊ စုစုပေါင်း(၄၇)ဦး လေ့ လာတွေ့ရှိရ ပါသည်။

ငါးဘတ်အိုင်ကျေးရွာတွင် စတုရန်းပေ ၀.၆၂ ဧကရှိ မူလတန်းလွန်စာသင်ကျောင်းရှိပါ သည်။ ကျောင်းဆရာ၊ဆရာမဦးရေမှာ ကျား(၁)ဦး၊မ(၅)ဦးရှိပြီး စုစုပေါင်း (၆)ဦးသာ ရှိသဖြင့် အတန်းလိုက် ပညာသင်ကြားရေးအတွက် ဆရာများလိုအပ်လျက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ငါးဘတ်အိုင်ကျေးရွာရှိ ကျား၊မရေးရာ အခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုနည်းပါးကြောင်း ၊လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူ/ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာသည် လယ်ယာလုပ်ငန်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်လုပ်ငန်းတါင် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၁၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၁၂၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၁၀၀၀၀)ကျပ်၊အနည်းဆုံးမှာ(၇၀၀၀)ကျပ်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်ကြသည့် ယောကျ်ားလေးလုပ်အားခအများဆုံးမှာ (၁၈၀၀၀) ကျပ် အနည်းဆုံးမှာ(၁၅၀၀၀) ကျပ်၊ အမျိုးသားနှင့်အမျိုးသမီးများ ခွဲခြားဆက်ဆံမှုမရှိပဲ လုပ်အားစိုက်ထုတ်မှုပေါ်မူ တည်၍ အနည်းငယ် ကွာခြားမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ငါးဘတ်အိုင်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ မီးလင်းရေးအဖွဲ့၊ ဂေါပက(ဘာသာရေး)၊ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ ဓမ္မစကူးလ်(ဘာသာရေး) အဖွဲ့၊ လယ်/စီကော်မတီအဖွဲ့၊ တို့ရှိပြီး လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးကိစ္စရပ်များ တွင် လူကြီး၊လူငယ်၊ ကျား၊မ ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာသူ/ကျေးရွာသားများသည် ဗမာလူမျိုးအများစုဖြစ်ကြပြီး ကျေးရွာတွင် ရွာဦးစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း တို့လည်းရှိပါသောကြောင့် ကျေးရွာ၏ အခြေခံအဆောက်အဦ သင့်တင့် ကောင်းမွန်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ငါးဘတ်အိုင်ကျေးရွာတွင် စပါးနှင့်မတ်ပဲအား အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး စပါး စိုက် ဧက (၂၆၄.၉၆)ဧကရှိပြီး (၁)ဧကပျမ်းမျှ (၁၀၀)တင်း၊ မတ်ပဲ(၂၆၄.၉၆)ဧကရှိပြီး (၁)ဧကပျမ်းမျှ အထွက်နှုန်း (၂၃)တင်းထွက်ရှိကြောင်း၊ သီးနှံများဖြစ်ထွန်းမှုအကျိုးအမြတ်မှာလည်း သင့်တင့် ကောင်းမွန်ပါ ကြောင်း၊ စပါးနှင့်မတ်ပဲကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာ၏ သီးနှံအထွက်နှုန်းကောင်းစေရန်အတွက် အခွင့်အလမ်း ကောင်းများမှာ လယ်အဓိကစိုက်ပျိုသောကျေးရွာဖြစ်သဖြင့် လယ်မြေကိုကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓာတု ဗေဒသွင်းအားစုများ အလွယ်တကူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစု ရေကို အဝီစိ တွင်းတို့မှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေဆီလွှာ သင့်တင့်ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ငါးဘတ်အိုင်ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် လက်တွန်း ထွန် စက်များ၊ထွန်စက်၊ခြွေလှေ့စက်များအသုံးပြု၍ ထုတ်ကုန်များရရှိရန် အသုံးပြုကြပါသည်။ ချေးငွေ နှင့်ငွေကြေးဝန်ဆောင်မှုမှာလည်း စိုက်ပျိုးရေးအတွက်ရရှိပါသည်။ စိုက်ပျိုးရေး သီးနှံမျိုးစေ့များ ဝယ် ယူရရှိပါသည်။

ငါးဘတ်အိုင်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ မြင်းမွေးမြူသော အိမ်ထောင်စု(၁) အကောင်ရေ(၁)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၃၄) အကောင်ရေ(၁၁၃) ကောင်၊ ဘဲမွေးမြူ သောအိမ်ထောင်စု(၁၄) အကောင်ရေ (၁၂၁)ကောင်၊ ကြက်မွေးမြူ သော အိမ်ထောင်စု (၃၉)အိမ်၊ အကောင်ရေ(၅၀၈)ကောင်ရှိကြောင်းနှင့် ကျွဲ၊ နွား၊ မြည်း၊ လား၊ သိုးမွေးမြူ သော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ငါးဘတ်အိုင်ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများလုပ်ကိုင်သောအိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်လုပ်ကိုင်ကြခြင်း၊ အ ရောင်းအဝယ်လုပ်ငန်းများ၊ အစိုးရဝန်ထမ်းများ၊ ဒေသထွက်ကုန်များအား အခြားမြို့များသို့ ကယ်ရီပို့ ဆောင်ခြင်းအလုပ်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ငါးဘတ်အိုင်ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌ လယ်အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်စိုက်ပျိုးရေးလုပ်ငန်းတို့မှထွက်ရှိသော အမှိုက်များအား မြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော် လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုး ဖြစ်ပွားမှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေဩဇာသုံးစွဲမှု နည်းပါးပြီးအလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငါးဘတ်အိုင်ကျေးရွာတွင် လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းပြားစဝဖြင့် ချေးယူသုံးစွဲကြပါသည်။ လယ်သမားများသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကိုလေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှု အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ငါးဘတ်အိုင်ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင် တွင်း(စက်တပ်) အသုံးပြုသူအိမ်ထောင်စု (၁၀၅) အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု (၈၁) အိမ်ရှိကြောင်း၊ တုံကင်တွင်းတို့မှ ရွှေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင့် နှင့် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ကျေးလက်ရေပေးရေးလုပ်ငန်း (အမြင့်တင်ရေစင်) ရှိသဖြင့် ကျန်းမာသန့်ရှင်းသော သောက်သုံးရေအတွက် ဖူလုံပါကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ငါးဘတ်အိုင်ကျေးရွာရှိအိမ်သာသုံးစွဲမှုမှာကျေးရွာတစ်ရွာလုံးသန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ကောင်းမွန်ပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက် များကို စနစ်တကျထားခြင်း၊ပလတ်စတစ်အိပ်များ စနစ်တကျ စွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံး ဆေးဝါးများစနစ်တကျစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်/ကိုင်းထဲတွင် မြေမြှုပ်ပြီး စနစ်တကျစွန့်ပစ်သည်မှာအမှန်ပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ငါးဘတ်အိုင်ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသောကြောင့် ဘုရားပွဲများ၊ ရွာဘုံကထိန်ပွဲများ နှစ်စဉ်ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ငါးဘတ်အိုင်ကျေးရွာတွင် ကျေးရွာတွင်းလမ်းများရှိပါသည်။ ရွာတွင်းလမ်း (ပါရမီလမ်း) အား လူထုဗဟိုပြုစီမံကိန်း(ပထမနှစ်စက်ဝန်း) ဖြင့် ကွန်ကရစ်လမ်းဆောင်ရွက်ထားရှိပြီး ရွာတွင်းလမ်း(လိုတရလမ်း) နှင့် အခြားကျေးရွာများသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း (၂)ခု ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာသည် လက်ရှိတွင် မဟာဓာတ်အားလိုင်းအသုံးပြုသူအိမ်ထောင်စု (၁၀၁) အိမ်ထောင်စု၊ ဆိုလာစနစ်အသုံးပြုသူ (၈၁)အိမ်ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိရေးအတွက် ဖုန်း (၃၅၈)လုံး၊ တီဗွီ(၇၇)လုံး၊ ဂြိုလ်တုစလောင်း(၆၀)လုံး၊ရေဒီယို(၁၉)လုံးရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက် သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာ တွေ့ ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသော ကျေးလက်ဈေးတွင် သားငါးကုန်စိမ်းများရောင်းဖောက်ကားပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၇)မိုင်ကျော်ကွာဝေး သော အနီးဆုံးဈေး “ဓနုဖြူမြို့ဈေး’သို့ ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြင့် သွားလာကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက် လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများသွားရောက်ဝယ်ယူပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ စက်ဘီး(၁၆၃)စီး၊ ဆိုင်ကယ် (၁၈၆)စီး၊ ထော်လာဂျီ(၇)စီး၊ သုံးဘီးဆိုင်ကယ်(၆)စီး၊ မော်တော်ကား(၈)စီး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ငါးဘတ်အိုင်ကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲ မှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ငါးဘတ်အိုင်ကျေးရွာတွင် ရွာဦးစေတီဘုန်းတော်ကြီးကျောင်း၊ ကျေးရွာစာသင်ကျောင်း၊ ရွာတွင်း ကွန်ကရစ်လမ်းများရှိခြင်းကြောင့် အခြေခံအဆောက်အဦသင့်တင့်ကောင်းမွန်မှုရှိပါသည်။

ငါးဘတ်အိုင်ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့၊အရန်မီးသတ်အဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ တို့ရှိပြီး ကျေးရွာသူကျေးရွာသားများအားလုံးနှင့် အသင်းနှင့် ပေါင်းစပ်၍ ကျေးရွာတစ်ရွာလုံး စည်းစည်းလုံးလုံးဖြင့် သာရေး၊ နာရေးကိစ္စအဝဝ ပူးပေါင်း ဆောင်ရွက်သောကြောင့် ပူးပေါင်း ဆောင် ရွက်မှုအားကောင်းပါကြောင်း တွေ့ရှိရပါသည်။ စိုက်ဘဏ်ချေးငွေအဖွဲ့ရှိသောကြောင့် လယ်လုပ် ငန်းများအတွက် ချေးငွေလက်လှမ်းမီပါကြောင်း တွေ့ရှိရပါသည်။

ငါးဘတ်အိုင်ကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီး များလည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာပိုင် ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ကျေးရွာနှင့်(၁)မိုင်ကျော်အကွာတွင် တိုက်နယ်ဆေးရုံရှိပြီး လိုအပ် ပါက ဓနုဖြူမြို့နယ်ဆေးရုံ၊ ဟင်္သာတမြို့နယ်ဆေးရုံသို့ အချိန်မီကုသနိုင်ရန် လူမှုရေးအသင်းအဖွဲ့ပိုင် မော်တော်ကားများရှိသဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ငါးဘတ်အိုင်ကျေးရွာအတွင်းရှိ ကျေးရွာတွင်းလမ်း (၂)ခုနှင့် လမ်းသွယ်(၁)ခု ရှိပြီး ခင်းရန်ကျန်ရှိသော ကျေးရွာတွင်းလမ်း (၁၂၃၀ပေ)နှင့် လမ်းသွယ်(၉၀၀)ပေ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်သည့် ကွန်ကရစ်လမ်းခင်းနိုင်ပါက ကျေးရွာတွင်းသွားလာရေးတွင်သာမက ယာဉ်များအတိမ်းအရှောင်၊ ကျန်းမာရေးကိစ္စအဝဝတွင် သုံးဘီးကားများ လယ်ယာ ကုန်ထုတ် ယာဉ်များ အဆင်ပြေစွာ ဖြတ်သန်း သွားလာနိုင်မည် ဖြစ်ကြောင်း နှင့် လက်ရှိရောင်းချနေသော ဈေးမှာ ယာယီဈေးဖြစ်၍ ကိုယ်ပိုင်ဈေးအဆောက်အဦတည်ဆောက်ပါက ကူးသန်းရောင်ဝယ်ရေး ထွန်းကာလာမည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွ က် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့သည် ကျေးရွာတွင်းလမ်း(လိုတရ) (၁၂၃၀'x၈'x၆") ကွန်ကရစ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုပ်တို့သည် ကျေးရွာပိုင်ဈေးအဆောက်အဦ တည်ဆောက်ခြင်း အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့သည် ကျေးရွာအတွင်းရေပေးဝေရေးအတွက် အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၄) ကျွန်ုပ်တို့သည် ကျေးရွာအဝင်ဆိုင်းဘုတ်ပြုလုပ်ခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၅) ကျွန်ုပ်တို့သည်ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း (၃၀'x၄၀'x၁၀')တည်ဆောက်ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၆) ကျွန်ုတို့သည် ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၇) ကျွန်ုတို့သည် စာသင်ကျောင်းအတွက် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအား အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။

(က.၈) ကျွန်ုတို့သည် မီးလင်းရေးလုပ်ငန်း(မီတာပုံး)များလိုအပ်ခြင်'အား အကောင်အထည်ဖော် ဆောင် ရွက်သွားမည်။

(က.၉) ကျွန်ုတို့သည် ITစင်တာအတွက် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၁၀) ကျွန်ုတို့သည် သဂြိုလ်စက်အဆင့်မြှင့်တင်ခြင်းနှင့် အအေးခေါင်းဝယ်ယူခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၁၁) ကျွန်ုတို့သည်ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)လုပ်ငန်းအားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၁၂) ကျွန်ုတို့သည်မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်မတည်လည်ပတ် ရန်ပုံငွေအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၁၃) ကျွန်ုတို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများအား ပို့ချပေးစေလိုခြင်း

(က.၁၄) ကျွန်ုတို့သည် အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၁၅) ကျွန်ုတို့သည် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ သင်တန်းများ၊အထောက်အပံ့များဆောင်ရွက်ပေးစေလိုခြင်း

(က.၁၆) ကျွန်ုတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အပင်များစိုက်ပျိုးခြင်း အမှိုက်ပုံးများဝယ်ယူလိုခြင်း၊ အမှိုက်မီးရှို့စင်တည်ဆောက်လိုခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြု စုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်းသတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များ နှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော် ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုး ရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်

ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီး မြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဥ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဥ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အတိုင်းအတာ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ |
|---|---|---|---|---|---|---|---|
| | **ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍ** | | | | | | |
| ၁ | ကျေးရွာဆိုင်းဘုတ်တည်ဆောက်ခြင်း | ၁၀'x၈'x၉' | ✔ | | | | |
| ၂ | ခန်းမဆောင်တည်ဆောက်ခြင်း | ၂၀'x၄၀'x၁၀' | ✔ | | | | |
| ၃ | ကျေးရွာသတင်းအချက်အလက်များစင်တာထူထောင်ရန် အင်တာနက်တပ်ဆင်ခြင်းနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | Laptop (၁)လုံး | ✔ | | | | |
| | | Wifi Routerနှင့် အင်တာနက်တပ်ဆင်ခြင်း | ✔ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(လိုတရလမ်း) | ၈၆၀'x၈'x၆" | ✔ | | | | |
| ၅ | အမှိုက်စွန့်ပစ်နေရာသို့အဝင်လမ်း(ကွန်ကရစ်ဘီး) | ၂(၅၀၀'x၂.၅'x၆") | | ✔ | | | |
| ၆ | ကျေးရွာကိုယ်ပိုင်ဈေးအဆောက်အဦတည်ဆောက်ခြင်း | ၃၀' x ၆၀' | | ✔ | | | |
| ၇ | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(ပါရမီလမ်းသွယ်) | ၉၀၀'x၆'x၆" | | ✔ | | | |
| ၈ | ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦ | ၄၀'x၆၀' | | ✔ | | | |
| ၉ | ကျေးရွာစာကြည့်တိုက် | ၂၀'x၃၀' | | ✔ | | | |
| ၁၀ | ကျေးရွာဈေးသန့်စင်ခန်းဆောက်လုပ်ခြင်း | ၁၂'x ၁၂'x၉' | | | ✔ | | |
| ၁၁ | ရေသန့်စင်စက်ဝယ်ယူခြင်း(စာသင်ကျောင်း) | ၁ယူနစ် | | | ✔ | | |
| ၁၂ | သဗ္ဗြိုလ်စက်အဆင့်မြှင့်တင်ခြင်းနှင့်အအေးခေါင်းဝယ်ယူခြင်း | | | | ✔ | | |
| ၁၃ | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း (တော်လနန်း) | ၁၁၀၀'x၈'x၆" | | | ✔ | | |
| ၁၄ | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း (တော်လနန်း) | ၁၁၀၀'x၈'x၆" | | | | ✔ | |
| ၁၅ | ချောင်းမြောင်းများတူးဖော်ခြင်း | | | | | ✔ | |
| ၁၆ | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း (ဗန္ဓုလလမ်း) | ၁၀၀၀'x၈'x၆" | | | | | ✔ |
| ၁၇ | အားကစားကွင်း | | | | | | ✔ |
| | **သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း** | | | | | | |
| ၁ | မြစိမ်းရောင်စီမံကိန်း | ငွေကြေးအရင်းအနှီး | ✔ | | | | |
| ၂ | ကော်ဖီမျိုးပင်လိုအပ်ခြင်း | အပင်(၈၀၀) | ✔ | | | | |
| ၃ | ထွန်စက် | ၁စီး | | ✔ | | | |
| ၄ | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | ✔ | | | |
| ၅ | ဓာတ်မြေသြဇာထောက်ပံ့ခြင်း | ၆၀ဧက | | ✔ | | | |
| ၆ | မီတာပုံး( ၇၀) လုံးလိုအပ်ခြင်း | | | | ✔ | | |
| ၇ | မြေဆီလွှာတိုင်းတာခြင်း | | | | ✔ | | |
| ၈ | ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ပျိုးခြင်း | | | | | ✔ | |
| ၉ | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | | | | ✔ |
| | **အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားမြင့်မားစေရေးလုပ်ငန်းများကဏ္ဍ** | | | | | | |
| ၁ | ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း(RBF) | ငွေကြေး အရင်းအနှီး | ✔ | | | | |
| ၂ | စိုက်ပျိုးရေးအသိပညာပေးသင်တန်း | | ✔ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | အခြေခံမွေးမြူရေးပညာပေးသင်တန်း | | ✔ | | | | |
| ၄ | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | ✔ | | | | |
| ၅ | ဆိုင်ကယ်ပြင်သင်တန်း | ၂၀ | | ✔ | | | |
| ၆ | တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | ၂၀ | | | ✔ | | |
| ၇ | မွေးမြူရေးပညာပေးသင်တန်း | ၃၀ဦး | | | | ✔ | |
| ၈ | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | ၃၀ဦး | | | | | ✔ |
| | **အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်း နှင့်နည်းပညာဖြန့်ဖြူးခြင်း** | | | | | | |
| ၁ | ဒေသလုံခြုံရေးအဖွဲ့ဖွဲ့စည်းခြင်း | | ✔ | | | | |
| ၂ | ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း | ၉ဦး | ✔ | | | | |
| ၃ | ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဖွဲ့စည်းခြင်း | ၉ဦး | ✔ | | | | |
| ၄ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း | ၉ဦး | ✔ | | | | |
| ၅ | ကျေးလက်စီးပွားမြင့်မာရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း | | ✔ | | | | |
| ၆ | ဇီဝလုံခြုံမှုသင်တန်း | ၃၀ဦး | ✔ | | | | |
| ၇ | တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုပညာပေးဟောပြောပွဲ | ၃၀ဦး | ✔ | | | | |
| ၈ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း | ၉ဦး | ✔ | | | | |
| ၉ | ကျေးရွာအရံမီးသပ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း | ၁၅ဦး | ✔ | | | | |
| ၁၀ | မီးဘေးကြိုတင်ကာကွယ်ရေးပညာပေး ဟောပြောခြင်းနှင့်ဇာတ်တိုက်လေ့ကျင့်ခြင်း | ၁၅ဦး | ✔ | | | | |
| ၁၁ | ကွန်ပျူတာသင်တန်း | ၂၀ဦး | | ✔ | | | |
| ၁၂ | ပရဟိတအသင်းအဖွဲ့များခိုင်မာအားကောင်းစေရေးအသိပညာပေးဟောပြောပွဲ | | | ✔ | | | |
| ၁၃ | အခြေခံစက်ချုပ်သင်တန်း | ၂၀ | | | ✔ | | |
| ၁၄ | မိခင်ဝိုင်းပြုလုပ်ခြင်း | | | | | | |
| ၁၅ | တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း | ၂၀ | | | | ✔ | |
| ၁၆ | ကြက်ခြေနီရှေးဦးသူနာပြုစုနည်းသင်တန်းပေးခြင်း | | | | | | ✔ |
| | **လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကဏ္ဍ** | | | | | | |
| ၁ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | ၄၉ဦး | ✔ | | | | |
| ၂ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | ၁၄ဦး | ✔ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ဓမ္မစကူးလ်သင်တန်းတွင် အခမဲ့အာဟာရကျွေးမွေးခြင်း | | ✔ | | | | |
| ၄ | သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | ✔ | | | | |
| ၅ | ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲ | | ✔ | | | | |
| ၆ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲ | | ✔ | | | | |
| ၇ | အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေးဟောပြောပွဲ | | ✔ | | | | |
| ၈ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေးဟောပြောပွဲ | | ✔ | | | | |
| ၉ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | ✔ | | |
| ၁၀ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | ✔ | | |
| ၁၁ | ကျား/မရေးရာဟောပြောပွဲ | | | | ✔ | | |
| ၁၂ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | ✔ | |
| ၁၃ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | ✔ | |
| ၁၄ | သဘာဝဘေးကြိုတင်ကာကွယ်ခြင်းအသိပညာပေးဟောပြောပွဲ | | | | | ✔ | |
| ၁၅ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | | ✔ |
| ၁၆ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | | ✔ |
| ၁၇ | လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲ | | | | | | ✔ |
| | **သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး** | | | | | | |
| ၁ | အဖုံးပါအမှိုက်ပုံး အစို/အခြောက်အတွဲဝယ်ယူခြင်း | ၁၅စုံ | ✔ | | | | |
| ၂ | အမှိုက်မီးရှို့စင်ပြုလုပ်ခြင်း | (3' Ø x 13' | ✔ | | | | |
| ၃ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | ✔ | | | | |
| ၄ | လမ်းဘေးဝဲ/ယာ ပန်းအလှပင်များစိုက်ပျိုးခြင်း | | ✔ | | | | |
| ၅ | ရွာအဝင်ဆိုင်းဘုတ်သာသာယာလှပရေးဆောင်ရွက်ခြင်း | | ✔ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ကော်ဖီပင်စိုက်ပျိုးခြင်း | | ✔ | | | | |
| ၇ | တစ်အုပ်တစ်မစိုက်ခင်းနှင့်အရိပ်ရပင်များစိုက်ပျိုးခြင်း | | ✔ | | | | |
| ၈ | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | ✔ | | | | |
| ၉ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | ✔ | | | |
| ၁၀ | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | | ✔ | | | |
| ၁၁ | အမှိုက်သိမ်းတွန်းလှည်းဝယ်ယူခြင်း | | | ✔ | | | |
| ၁၂ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | | | ✔ | | |
| ၁၃ | အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | | | ✔ | | |
| ၁၄ | ပိုက်ဆံလျှော်စိုက်ပျိုးခြင်း | | | | | ✔ | |
| ၁၅ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ် ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင် ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲ ရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာ ဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသား မဟုတ်သောထည့်ဝင်မှုဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ (သန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသား ချင်းစာနာမှုဆိုင် ရာထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း သုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | |
| 1. | ကျေးရွာဆိုင်းဘုတ်တည်ဆောက်ခြင်း | ၁.၀ | | | | |
| 2. | ခန်းမဆောင်တည်ဆောက်ခြင်း | ၁၉.၅ | | | | |
| 3. | ကျေးရွာသတင်းအချက်အလက်များစင်တာထူထောင် ရန်အင်တာနက်တပ်ဆင်ခြင်းနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | ၃.၀ | | | | |
| 4. | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(လိုတရလမ်း) | ၁၈ | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 5. | အမှိုက်စွန့်ပစ်နေရာသို့အဝင်လမ်း(ကွန်ကရစ်ဘီး) | | | | | |
| 6. | ကျေးရွာကိုယ်ပိုင်စျေးအဆောက်အဦတည်ဆောက်ခြင်း | | | | | |
| 7. | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(ပါရမီလမ်းသွယ်) | | | | | |
| 8. | ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦ | | | | | |
| 9. | ကျေးရွာစာကြည့်တိုက် | | | | | |
| 10 | ကျေးရွာစျေးသန့်စင်ခန်းဆောက်လုပ်ခြင်း | | | | | |
| 11 | ရေသန့်စင်စက်ဝယ်ယူခြင်း(စာသင်ကျောင်း) | | | | | |
| 12 | သဂြိုလ်စက်အဆင့်မြှင့်တင်ခြင်းနှင့်အအေးခေါင်းဝယ်ယူခြင်း | | | | | |
| 13 | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း<br>(တော်လနန်း) | | | | | |
| 14 | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း<br>(တော်လနန်း) | | | | | |
| 15 | ချောင်းမြောင်းများတူးဖော်ခြင်း | | | | | |
| 16 | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း<br>(ဗန္ဓုလလမ်း) | | | | | |
| 17 | အားကစားကွင်း | | | | | |
| 18 | မြစိမ်းရောင်စီမံကိန်း | | | | | |
| 19 | ကော်ဖီမျိုးပင်လိုအပ်ခြင်း | ၃၀ | | | | |
| 20 | ထွန်စက် | | | | | |
| 21 | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | | | |
| 22 | ခတ်မြေသြဇာထောက်ပံ့ခြင်း | | | | | |
| 23 | မီတာပုံး( ၇၀) လုံးလိုအပ်ခြင်း | | | | | |
| 24 | မြေဆီလွှာတိုင်းတာခြင်း | | | | | |
| 25 | ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ပျိုးခြင်း | | | | | |
| 26 | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | | | |
| 27 | ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း(RBF) | ၃၀ | | | | |
| 28 | စိုက်ပျိုးရေးအသိပညာပေးသင်တန်း | | | | | |
| 29 | အခြေခံမွေးမြူရေးပညာပေးသင်တန်း | | | | | |
| 30 | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | | | | |
| 31 | ဆိုင်ကယ်ပြုပြင်သင်တန်း | ၂.၅ | | | | |
| 32 | တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | ၂.၅ | | | | |
| 33 | မွေးမြူရေးပညာပေးသင်တန်း | | | | | |
| 34 | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | | | | |
| 35 | ဒေသလုံခြုံရေးအဖွဲ့ဖွဲ့စည်းခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 36 | ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း | | | | | |
| 37 | ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဖွဲ့စည်းခြင်း | | | | | |
| 38 | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း | | | | | |
| 39 | ကျေးလက်စီးပွားမြင့်မာရေးရန်ပုံငွေလုပ်ငန်းအဖွဲ့<br>ဖွဲ့စည်းခြင်း | | | | | |
| 40 | ဇီဝလုံခြုံမှုသင်တန်း | | | | | |
| 41 | တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုပညာပေးဟောပြောပွဲ | | | | | |
| 42 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း | | | | | |
| 43 | ကျေးရွာအရံမီးသပ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း | | | | | |
| 44 | မီးဘေးကြိုတင်ကာကွယ်ရေးပညာပေး<br>ဟောပြောခြင်းနှင့်ဇာတ်တိုက်လေ့ကျင့်ခြင်း | | | | | |
| 45 | ကွန်ပျူတာသင်တန်း | | | | | |
| 46 | ပရဟိတအသင်းအဖွဲ့များခိုင်မာအားကောင်းစေရေးအသိပညာေ<br>ေးဟောပြောပွဲ | | | | | |
| 47 | အခြေခံစက်ချုပ်သင်တန်း | | | | | |
| 48 | မိခင်ဝိုင်းပြုလုပ်ခြင်း | | | | | |
| 49 | တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း | | | | | |
| 50 | ကြက်ခြေနီရှေးဦးသူနာပြုစုနည်းသင်တန်းပေးခြင်း | | | | | |
| 51 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်ကလေးများအား<br>ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 52 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား<br>ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 53 | ဓမ္မစကူးလ်သင်တန်းတွင် အခမဲ့အာဟာရကျွေးမွေးခြင်း | | | | | |
| 54 | သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်<br>ကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | | | | |
| 55 | ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာ<br>အသိပညာပေးဟောပြောပွဲ | | | | | |
| 56 | ကျန်းမာရေးအသိပညာပေးဟောပြောပွဲ | | | | | |
| 57 | အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေးဟောပြောပွဲ | | | | | |
| 58 | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေးဟောပြော<br>ပွဲ | | | | | |
| 59 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်<br>ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 60 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား<br>ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 61 | ကျား/မရေးရာဟောပြောပွဲ | | | | | |
| 62 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်<br>ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 63 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 64 | သဘာဝဘေးကြိုတင်ကာကွယ်ခြင်းအသိပညာပေးဟောပြောပွဲ | | | | | |
| 65 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 66 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 67 | လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲ | | | | | |
| 68 | အဖုံးပါအမှိုက်ပုံး အစို/အခြောက်အတွဲဝယ်ယူခြင်း | ၆.၀ | | | | |
| 69 | အမှိုက်မီးရှို့စင်ပြုလုပ်ခြင်း | ၁.၅ | | | | |
| 70 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | | | | |
| 71 | လမ်းဘေးဝဲ/ယာ ပန်းအလှပင်များစိုက်ပျိုးခြင်း | | | | | |
| 72 | ရွာအဝင်ဆိုင်းဘုတ်သာသယာလှပရေးဆောင်ရွက်ခြင်း | | | | | |
| 73 | ကော်ဖီပင်စိုက်ပျိုးခြင်း | | | | | |
| 74 | တစ်အုပ်တစ်မစိုက်ခင်းနှင့်အရိပ်ရပင်များစိုက်ပျိုးခြင်း | | | | | |
| 75 | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | | | | |
| 76 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | |
| 77 | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | | | | |
| 78 | အမှိုက်သိမ်းတွန်းလှည်းဝယ်ယူခြင်း | | | | | |
| 79 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | | | | |
| 80 | အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | | | | |
| 81 | ပိုက်ဆံလျှော်စိုက်ပျိုးခြင်း | | | | | |
| 82 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

## (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

